# ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၂ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“အခကြေးငွေယူ၍ဖြစ်စေ၊ မယူဘဲဖြစ်စေ အမှုစွဲဆို ဆိုင်ပြိုင်ရန်အလို့ငှာ အမှုသည်၏ ကိုယ်စားလှယ် အဖြစ် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်သူ၊ သို့မဟုတ်”

၃။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၁၀ ပြဋ္ဌာန်းချက်၏နောက်တွင် “ထို့ပြင် ရှေ့နေအဖြစ် မည်သည့် တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၂ ပထမအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

“မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ တရားရုံးတစ်ရုံးရုံးတွင် ရှေ့နေအဖြစ် အမှု လိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေအဖြစ် တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းပြုပါက ၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။”

၅။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၃ တွင် ပါရှိသော “ငွေဒဏ် ၂၀၀ ကျပ်အထိ ချမှတ်ခံရမည်။ ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၃ လအထိ ချမှတ်ခံရမည်။” ဆိုသည့် စကားရပ်ကို “၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော “အဆိုပါတရားရုံး သို့မဟုတ် အဆိုပါရုံးမှ အကြီးအကဲ အရာရှိ၏ အမိန့်အရ ငွေဒဏ် ၅၀၀ ကျပ်အထိ ချမှတ်ခံရမည့်ပြင် ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၆ လအထိ ချမှတ်ခံရမည်။” ဆိုသည့် စကားရပ်ကို “၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းတစ်ရာအထိ ငွေဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၆ တွင် -

(က) ပုဒ်မခွဲ (၃) ၌ ပါရှိသော “သက်ဆိုင်သည့် တရားရုံးတိုင်းတွင်” ဆိုသည့် စကားရပ်ကို “တရားရုံး အသီးသီးတွင်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၆) ၌ ပါရှိသော “ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ငွေဒဏ် ၅၀၀ ကျပ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။” ဆိုသည့် စကားရပ်ကို “၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ယာယီသမ္မတ